**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန**

**ရုံးအမှတ် ၄၂၊ နေပြည်တော်**

**လျှောက်လွှာခေါ်ယူခြင်း**

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ သင်တန်းကျောင်းများတွင် အငယ်တန်းအင်ဂျင်နီယာ-၃ (လစာနှုန်း၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀)နှင့် အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူးနေရာများ လစ်လပ်လျက် ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာများကို နယ်စပ်ရေးရာဝန်ကြီးဌာန website page ဖြစ်သော www.moba.gov.mm တွင် ဖော်ပြထားသည့် လျှောက်လွှာပုံစံအား Download ရယူပြီး ၂၉-၁၀-၂၀၂၁ ရက်နေ့ နောက်ဆုံးထား၍ computer.etd.2016@gmail.com သို့ Online မှ ပေးပို့လျှောက် ထားရန်ဖြစ်ပါသည်။

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ခ) ၁-၈-၂၀၂၁ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ၂၅ နှစ်ထက် မကျော်လွန်စေပဲ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီးကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။

(ဃ) အိမ်ထောင်မရှိသူ အပျို/လူပျိုဖြစ်ရမည်။

(င) လျှောက်ထားသူသည် တာဝန်ကျရာဒေသတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ ရာထူးအလိုက် ပညာအရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အငယ်တန်းအင်/ယာ-၃ - BE(Civil, Mech, EP)ဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ခ) အငယ်တန်းစာရေး - တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (ကွန်ပျူတာကျွမ်းကျင်သူဖြစ်ပြီး လက်တွေ့စစ်ဆေးခံနိုင်ရမည်)

၄။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ၂၅-၁၀-၂၀၂၁ ရက်နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၅။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများ၊ သတ်မှတ်ချက် မကိုက်ညီသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ လျှောက်ထားသူများအနေဖြင့် ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး အငယ်တန်းစာရေး ရာထူး နေရာအတွက် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်တို့ ဖြေဆိုရမည် ဖြစ်ပါသည်။ အငယ်တန်းအင်ဂျင်နီယာ-၃ ရာထူးနေရာအတွက် အထက်ပါ ဘာသာရပ်များအပြင် အင်ဂျင်နီယာဘာသာရပ်ကိုပါ ဖြေဆိုရမည်။စာမေးပွဲကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့အား ဝန်ကြီးဌာန Website Page တွင် ကြေညာတင်ကြေညာသွားပါမည်။

၇။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းနှင့် စိတ်ကျန်းမာရေးစစ်ဆေး ခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

သို့

ညွှန်ကြားရေးမှူးချုပ်

ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **အငယ်တန်းအင်ဂျင်နီယာ-၃ သို့မဟုတ် အငယ်တန်းစာရေး ရာထူးတစ်နေရာ လျှောက်ထားခြင်း**

ကျွန်တော်/ကျွန်မ……………………..၊ မှတ်ပုံတင်အမှတ်………………………………….. သည်…………………..ပညာသင်နှစ်၊…………………အထူးပြုဘာသာရပ်ဖြင့်……….……..... ဘွဲ့ကို……………………..တက္ကသိုလ်မှရရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနတွင် အငယ်တန်းအင်ဂျင်နီယာ-၃ သို့မဟုတ် အငယ်တန်းစာရေး ရာထူးတစ်နေရာ ခန့်ထားပေးပါရန် အောက်ပါစာရွက်စာတမ်းများနှင့်အတူ လျှောက်ထားအပ်ပါသည်-

(က) လိုင်စင်ဓာတ်ပုံ(၂)ပုံ

(ခ ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(မိတ္တူ)

(ဂ) တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်(မိတ္တူ)

(ဃ) ဘွဲ့လက်မှတ်(မိတ္တူ)

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်းရဲစခန်းထောက်ခံချက်(မူရင်း)

(စ) ကျန်းမာကြောင်းဆေးထောက်ခံချက်**(၁ လအတွင်း)**(မူရင်း)

(ဆ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ)

(ဇ) ကိုယ်ရေးမှတ်တမ်းအကျဉ်း(၁)စုံ

လေးစားစွာဖြင့်

အမည် ၊---------------------

မှတ်ပုံတင်အမှတ် ၊---------------------

ဆက်သွယ်ရန်လိပ်စာ ၊---------------------

အပြည့်အစုံ ---------------------

ဖုန်းနံပါတ် ---------------------

# ကိုယ်ရေးမှတ်တမ်းအကျဉ်း

ဓာတ်ပုံ

၁။ အမည် -------------------------

၂။ နိုင်ငံသားစိစစ်ရေးအမှတ် -------------------------

၃။ အသက်/မွေးသက္ကရာဇ် -------------------------

၄။ လူမျိုး/ဘာသာ -------------------------

၅။ ပညာအရည်အချင်း -------------------------

-------------------------

၆။ အောင်မြင်သည့်ခုနှစ် -------------------------

၇။ အဘအမည်၊ အလုပ်အကိုင်၊ -------------------------

-------------------------

၈။ အမိအမည်၊ အလုပ်အကိုင်၊ -------------------------

-------------------------

၉။ ဆက်သွယ်ရန်လိပ်စာ -------------------------

ဖုန်းနံပါတ် -------------------------

-------------------------